## ………………… တာ၏ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက်

**၁။ နိဒါန်း**

မိုးရာသီအတွင်း ရေကြီးရေလျှံမှုနှင့် ယေျင်လှုပ်ခတ်ခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်များကြောင့် ……………… တာ ကျိုးပေါက်ပျက်စီးမှု မဖြစ်ပေါ်စေရေးအတွက် ဌာနမှ သတ်မှတ်ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်နိုင်ရန်နှင့် အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ပေါ်လာပါက တာတမံအောက်ရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ဆုံးရှုံးမှုမဖြစ်ပေါ်စေရန်အတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ ပတ်သက်ဆက်စပ်သည့် ဌာနဆိုင်ရာများပူးပေါင်း၍ ကြိုတင်စီမံခန့်ခွဲဆောင်ရွက်နိုင်ရန် ဤအရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု စီမံချက်ကို ရေးဆွဲတင်ပြရခြင်းဖြစ်ပါသည်။

**၂။ တည်နေရာ**

တည်နေရာဖော်ပြချက်ဆိုင်ရာ အချက်အလက်နှင့်အတူ တာတမံအမည်နှင့် တာတမံအောက်ဘက်ရှိ ကျေးရွာများ၏ အမည်များဖော်ပြသည့် Google Map ကို ပူးတွဲဖော်ပြရန်

**၃။ တာတမံဆိုင်ရာအချက်အလက်များ**

**၄။ မိုးရာသီကာလတွင် ပုံမှန်စောင့်ကြည့်စစ်ဆေးမှု လုပ်ငန်းစဉ်များ**

(က) တာတမံအလိုက်တည်ရှိသော ရေမှတ်စခန်းများရှိ ရေမှတ်တိုင်များ၏ ZOG (Zero Of Gauge) များအား တိုင်းတာစစ်ဆေးခြင်းနှင့် ZOG Register တွင် မှတ်တမ်းတင်ခြင်း၊ ရေမှတ်တိုင်များ ခိုင်ခံ့မှု ရှိ/ မရှိနှင့် ရေမှတ်တိုင်ရှိ ရေမှတ်ကိန်းဂဏန်းများ တိကျမှန်ကန်မှု ရှိ/ မရှိ စစ်ဆေးခြင်းလုပ်ငန်းစဉ်များကို ကြိုတင်စီမံဆောင်ရွက်မှုအခြေအနေများကို ဓာတ်ပုံမှတ်တမ်းများနှင့်ပူးတွဲဖော်ပြရန်

(ခ) ရေမှတ်ဖတ်ခြင်း၊ သတင်းပို့ခြင်းအစီအစဉ်

(ဂ) ရေကင်းတဲများ တည်ဆောက်ထားမှုနှင့် ရေကင်းလှည့်ဇယားစနစ်တကျရေးဆွဲ ဆောင်ရွက်ထားမှု အစီအစဉ်များကို တည်နေရာ၊ ဇယားပုံစံများဖြင့်အတူ ပူးတွဲဖော်ပြရန်

(ဃ) ဌာနမှသတ်မှတ်ပြဋ္ဌာန်းထားသည့် တာတမံပြုပြင်ထိန်းသိမ်းခြင်း လုပ်ထုံးလုပ်နည်းများနှင့် အညီ စီမံဆောင်ရွက်ထားရှိမှု အခြေအနေ (ဥပမာ – တာတမံ၏ D/S တွင် မြက်ခြုံရှင်းလင်း

ခြင်း၊ တာထိပ်နိမ့်ကျသောအပိုင်းများတွင် သဲအိတ်ဆင့်ခြင်း၊ ထူးပေါက်များခွဲ၍ မြေပြန်ဖို့ခြင်း စသည်ဖြင့် ........)

(င) ဝန်ထမ်းများ (၂၄) နာရီ ရေကင်းဂျူတီချထားပြီး နေ့စဉ်ပုံမှန်စစ်ဆေးမှုအခြေအနေ

(စ) အရေးပေါ် တည်ဆောက်ရေးပစ္စည်းများ စုဆောင်းထားရှိမှုအခြေအနေ

(ဆ) အရေးပေါ် ပြည်သူလူထုလုပ်အား ရရှိနိုင်မှုအခြေအနေ

(ဇ) တာတမံဥပဒေနှင့် ရေဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များကို ပြည်သူသို့ အသိပညာပေးဆောင်ရွက်သည့် အစီအမံများ

## ၅။ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များ

.............. တာတွင် သဘာဝဘေးအန္တရာယ် တစ်ရပ်ရပ်ကြောင့် အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက တာတမံအောက်ဘက်ရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ဆုံးရှုံးမှုမရှိစေရန်အတွက် အချိန်နှင့်တစ်ပြေးညီ ကြိုတင်စီမံခန့်ခွဲဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ .............. တာအရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ တာဝန်ခံဆောင်ရွက်မည့်ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။

(က) .......... တိုင်းဒေသကြီး/ ပြည်နယ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စီမံခန့်ခွဲဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ

(၁) တာတမံလုံခြုံမှု အဆင့်အတန်းအကဲဖြတ်ရန်နှင့် အရေးပေါ်အခြေအနေအဆင့်သတ်မှတ်ရန်

(၂) အရေးပေါ်အခြေအနေအဆင့်အလိုက် တာတမံအောက်ပိုင်းတွင် နေထိုင်သော ပြည်သူများသို့ ကြိုတင်သတိပေးခြင်းဆောင်ရွက်ရန်

(၃) ဘေးအန္တရာယ်ဖြစ်ပေါ်စေမှုမှ ကြိုတင်ပြင်ဆင်ကာကွယ်ခြင်းလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်ရန်

(၄) အရေးပေါ်အခြေအနေအား ပြည်သူလူထုသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အသိပေးရန်

(ခ) .............. တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့အောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စီမံခန့်ခွဲဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

(၁) တာတမံအောက်ပိုင်း နေထိုင်သောပြည်သူများသိရှိနိုင်ရန် အရေးပေါ်အခြေအနေကို အဆင့်သတ်မှတ်ချက်အလိုက် ထုတ်ပြန်ခြင်း

(၂) ဘေးအန္တရာယ်ကျရောက်လာနိုင်သည့် အခြေအနေဖြစ်ပေါ်လာပါက ဘေးကင်းရာသို့ရွှေ့ပြောင်းနိုင်ရေး အချိန်မီနှိုးဆော်ခြင်းနှင့် ပတ်သက်ဆက်စပ်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေး အစီအမံများဆောင်ရွက်ခြင်း

(၃) အရေးပေါ်ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုအစီအမံများဆောင်ရွက်ခြင်း

(ဂ) ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများ

(၁) လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ချိတ်ဆက်ပြီး သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ထိခိုက်ဆုံးရှုံးမှုနည်းပါးအောင် ကြိုတင်ပြင်ဆင်ရေး၊ ပြန်လည်ထူထောင်ရေး စသည့်လုပ်ငန်းစဉ်များကို သဏ္ဍာန်တူကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်း

## ၆။ အရေးပေါ်အခြေအနေ အဆင့်အတန်းသတ်မှတ်ခြင်း

…………… တာတွင် သဘာဝဘေးအန္တရာယ်တစ်ရပ်ရပ်ကြောင့် အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ပေါ်လာပါက အရေးပေါ်အခြေအနေအဆင့်အတန်းကို အဆင့် – ၁၊ အဆင့် – ၂၊ အဆင့် – ၃ ဟူ၍ သတ်မှတ်ပြီး အောက်ပါအတိုင်း စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## တာတမံအရေးပေါ်အခြေအနေတွင်တုံ့ပြန်ဆောင်ရွက်မည့်ပုံစံကားချပ်



## (က) အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု (အဆင့် – ၁) သတ်မှတ်ခြင်း

မြစ်ရေမှတ်မှာ တာတမံတစ်ခုချင်းအလိုက် သတ်မှတ်ထားသော စိုးရိမ်ရေမှတ်သို့ရောက်ရှိသည်နှင့် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုအဆင့် – ၁ အဖြစ်သတ်မှတ်ပါသည်။ စိုးရိမ်ရေမှတ်သို့ မရောက်ရှိသေးသော်လည်း အောက်ဖော်ပြပါအခြေအနေများ ဖြစ်ပေါ်လာပါက အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုအဆင့် – ၁ အဖြစ် သတ်မှတ်ပါသည်။

- တာတမံကိုယ်ထည်၏ D/S အပိုင်းမှ ရေစိမ့်ထွက်ခြင်းနှင့် ရေပေါက်များဖြစ်ပေါ်ခြင်း၊ သဲပွက်များဖြစ်ပေါ်ခြင်း
- တာတမံ၏ Crest, U/S နှင့် D/S Slope များတွင် အက်ကြောင်းများဖြစ်ပေါ်ခြင်း
- တာတမံ၏ Crest နိမ့်ကျခြင်း၊ U/S နှင့် D/S Slope များ လျှောကျခြင်း
- တာတမံနှင့် အနီးပတ်ဝန်းကျင်ဧရိယာအတွင်း လျှောင်လှုပ်ခတ်မှုဖြစ်ပေါ်ခြင်း
- အဖျက်အမှောင့်လုပ်ရပ်တစ်ခုခု (ဥပမာ – ဗုံးခွဲခြင်း) ကြောင့် တာတမံထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သော်လည်း တာတမံ၏ ကြံ့ခိုင်လုံခြုံမှုအား စိုးရိမ်ဖွယ်ရာမရှိခြင်း

အရေးအပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု အဆင့် – ၁ ဖြစ်ပေါ်လာသည့် အခြေအနေတွင် တာတမံအောက်ဘက်ရှိ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် ပြည်သူများသို့ ဆက်သွယ်အသိပေးသွားမည်ဖြစ်ပြီး အများပြည်သူများ မြင်သာသောနေရာနှင့် ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် အစိမ်းရောင်အလံ လွှင့်ထူသွားမည်ဖြစ်ပါသည်။ တာတမံတွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိသည့်အခြေအနေတွင်ဖြစ်စေ၊ မရောက်ရှိသေးသည့်အခြေအနေတွင်ဖြစ်စေ၊ တာတမံတွင် မူလအသွင်အပြင်မှ ထူးခြားစွာဖြစ်ပေါ် ပြောင်းလဲလာသည့် အထက်ဖော်ပြပါအခြေအနေများ ဖြစ်ပေါ်လာပါက

- တာတမံတာဝန်ခံ (ဦးစီးအရာရှိ) မှ တာတမံလုံခြုံမှုစစ်ဆေးသူ (လ/ထ ညွှန်ကြားရေးမှူး) ထံသို့ ဖြစ်ပေါ်မှုအခြေအနေကို သတင်းပို့ခြင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာတမံအောက်ဘက်ရှိ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးများသို့ ဆက်သွယ်အသိပေးခြင်း
- တာတမံလုံခြုံမှုစစ်ဆေးသူ (လ/ထညွှန်ကြားရေးမှူး) မှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး (ဆည်/ ရေ) ထံသို့ စစ်ဆေးတွေ့ရှိမှုနှင့် ဖြစ်ပေါ်မှုအခြေအနေကို သတင်းပေးပို့ခြင်း၊ သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးထံသို့ ဆက်သွယ်အသိပေးခြင်း

- ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး(ဆည်/ရေ) မှနေ၍ ညွှန်ကြားရေးမှူးချုပ်(ဆည်/ရေ) နှင့် တိုင်းဒေသကြီး/ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးထံသို့ တင်ပြ အစီရင်ခံပြီး လ/ထညွှန်ကြားရေးမှူးအနေဖြင့် တာတမံကြံ့ခိုင်မှုအတွက် အရေးပေါ်ကာကွယ် ဆောင်ရွက်ရမည့်အစီအမံများ (ဥပမာ – ရေခွေခွေခြင်း၊ မိုးကာစဖုံးအုပ်ခြင်း၊ တမံကိုယ်ထည် ၏ အနောက်ဘက်မှ အရေးပေါ်တုတ်တန်းရိုက်၍ မြေဖို့ခြင်း စသည်ဖြင့် ……) ကို အချိန်နှင့် တစ်ပြေးညီ စီမံဆောင်ရွက်ခြင်း၊ ဆောင်ရွက်မည့်အစီအမံများကို အထက်အဆင့်ဆင့်သို့ တင်ပြခြင်း

## အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု အဆင့် – ၁ အစီရင်ခံမှုနှင့် တုံ့ပြန်မှုပုံစံ



## (ခ) အရေးပေါ်အခြေအနေကြိုတင်စီမံခန့်ခွဲမှု (အဆင့် – ၂) သတ်မှတ်ခြင်း

- မြစ်ရေမှတ်မှာ တာတမံ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန် မြင့်တက်လာပြီး လက်ရှိ Existing Crest Level – ECL သို့ ရောက်ရှိရန် (၁) ပေခန့်သာလိုပြီး ဆက်လက်မြင့်တက်လာမည့်အခြေအနေရှိခြင်း
- တာတမံကိုယ်ထည်၏ D/S အပိုင်းမှ ရေစိမ့်ထွက်သည့်ဧရိယာများ ပိုမိုဖြစ်ပေါ်လာခြင်းနှင့် အတူ ရေစိမ့်ထွက်မှုပမာဏ ပိုမိုများပြားလာပြီး ရေနောက်များထွက်လာခြင်း
- တာတမံ၏ Crest ၊ U/S နှင့် D/S Slope များတွင် အက်ကြောင်းများဖြစ်ပေါ်ပြီး ရေစိမ့်ထွက်ခြင်း
- တာတမံ၏ Crest နိမ့်ကျမှု U/S နှင့် D/S Slope များ လျှောကျမှုများ သိသာထင်ရှားစွာ ပိုမိုဖြစ်ပေါ်လာခြင်း
- လျှင်လှုပ်ခတ်မှုကြောင့် တာတမံတွင် သိသာထင်ရှားစွာ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခြင်း (ဥပမာ – အက်ကြောင်း၊ နိမ့်ကျမှု၊ လျှောကျမှု၊ ရေစိမ့်ထွက်မှု …………… စသည်ဖြင့်)
- အဖျက်အမှောင့်လုပ်ရပ်တစ်ခုခု (ဥပမာ – ဗုံးခွဲခြင်း) ကြောင့် တာတမံအတွင်းမှ ရေစိမ့်ထွက်မှုဖြစ်ပေါ်ခြင်း

အရေးအပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု အဆင့် – ၂ သို့ ရောက်ရှိ လာသည့်အခြေအနေတွင် တာတမံအောက်ဘက်ရှိ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် ပြည်သူများသို့ ဆက်သွယ်အသိပေးသွားမည်ဖြစ်ပြီး အများပြည်သူများ မြင်သာသောနေရာနှင့် ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများတွင် အဝါရောင်အလံ လွှင့်ထူခြင်း၊ အသံချဲ့စက်ဖြင့် လှည့်လည်ကြေငြာခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု အဆင့် – ၂ သို့ ရောက်ရှိ လာသည့်အခြေအနေတွင်

- တာတမံတာဝန်ခံ (ဦးစီးအရာရှိ)မှ တာတမံလုံခြုံမှုစစ်ဆေးသူ (လ/ထ ညွှန်ကြားရေးမှူး) ထံသို့ ဖြစ်ပေါ်မှုအခြေအနေကို သတင်းပို့ခြင်း၊ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၊ တာတမံအောက်ဘက်ရှိ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးများသို့ ဆက်သွယ်အသိပေးခြင်းနှင့် မြေနိမ့်ဒေသများတွင် နေထိုင်ခြင်းမပြုရန် သတိပေးနှိုးဆော်ခြင်း

- တာတမံလုံခြုံမှုစစ်ဆေးသူ (လ/ထညွှန်ကြားရေးမှူး) မှ ဖြစ်ပေါ်မှုအခြေအနေကို ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး (ဆည်/ရေ) ထံသို့ သတင်းပေးပို့ခြင်း၊ သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးထံသို့ ဆက်သွယ်အသိပေးခြင်းနှင့် ရေလွှတ်ရာကုန်းမြင့်ဒေသများသို့ ရှောင်တိမ်းနေထိုင်နိုင်ရေး ကြိုတင်လျာထားစီမံနိုင်ရန် သတိပေးနှိုးဆော်ခြင်း
- ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး(ဆည်/ရေ) မှနေ၍ ညွှန်ကြားရေးမှူးချုပ်(ဆည်/ရေ) နှင့် တိုင်းဒေသကြီး/ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့တို့ထံသို့ ချက်ချင်းတင်ပြအစီရင်ခံခြင်း
- လက်ထောက်ညွှန်ကြားရေးမှူးအနေဖြင့် တာတမံကျိုးခိုင်မှုအတွက် အရေးပေါ်ကာကွယ်ဆောင်ရွက်ရမည့်အစီအမံများ (ဥပမာ - သဲအိတ်ဆင့်ခြင်း၊ ရေခွေခွေခြင်း၊ မိုးကာစဖုံးအုပ်ခြင်း၊ တမံကိုယ်ထည်၏ အနောက်ဘက်မှ အရေးပေါ်တုတ်တန်းရိုက်၍ မြေဖို့ခြင်း စသည်ဖြင့် ...) ကို အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်ခြင်း၊ ဆောင်ရွက်မည့်အစီအမံများကို အထက်အဆင့်ဆင့်သို့ တင်ပြခြင်း
- တိုင်းဒေသကြီး/ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးမှ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့သို့လည်းကောင်း၊ သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးမှ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့သို့လည်းကောင်း ဆက်လက်တင်ပြ၍ လမ်းညွှန်မှုခံယူဆောင်ရွက်ခြင်း
- ညွှန်ကြားရေးမှူးချုပ် (ဆည်/ရေ) မှ နေ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးသို့ ဆက်လက်တင်ပြ၍ လမ်းညွှန်မှုခံယူဆောင်ရွက်ခြင်း

## အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု အဆင့် – ၂ အစီရင်ခံမှုနှင့် တုံ့ပြန်မှုပုံစံ



(ဂ)  အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှု (အဆင့် – ၃) သတ်မှတ်ခြင်း

- မြစ်ရေမှတ်မှာ ဆက်လက်မြင့်တက်လာပြီး တာတမံကိုယ်ထည်ပေါ်ရေကျော်၍ တာတမံကျိုးပေါက်နိုင်မည့်အခြေအနေရှိခြင်း
- တာတမံကိုယ်ထည်၏ D/S အပိုင်းမှ ရေနောက်များစိမ့်ထွက်မှုပမာဏမှာ ထိန်းချုပ်မရနိုင်သည့် ပမာဏအထိ များပြားလာခြင်း
- တာတမံ၏ Crest၊ U/S နှင့် D/S Slope များတွင် အက်ကြောင်းများဖြစ်ပေါ်မှု ပိုမိုကြီးမားများပြားလာပြီး ရေစိမ့်ထွက်မှုလည်း ပိုမိုများပြားလာကာ တာတမံကျိုးပေါက်နိုင်မည့် အခြေအနေရှိလာခြင်း
- တာတမံ၏ U/S နှင့် D/S Slope များ လျှောကျပြီး ရေစိမ့်ထွက်မှုဖြစ်ပေါ်ကာ တာတမံကျိုးပေါက်နိုင်မည့် အခြေအနေရှိလာခြင်း
- လျှင်လှုပ်ခတ်မှုကြောင့် တာတမံတွင် အက်ကြောင်းများ၊ နိမ့်ကျ၊ လျှောကျမှုများဖြစ်ပေါ်ပြီး ရေစိမ့်ထွက်မှုမှာ ထိန်းချုပ်မရနိုင်သည့်ပမာဏအထိ ထွက်ရှိလာခြင်း
- အဖျက်အမှောင့်လုပ်ရပ်တစ်ခုခု (ဥပမာ – ဗုံးခွဲခြင်း) ကြောင့် တာတမံအတွင်းမှ ရေစိမ့်ထွက်ကာ ထိန်းချုပ်မရနိုင်သည့်ပမာဏအထိ ထွက်ရှိလာခြင်း

အရေးအပေါ်အခြေအနေစီမံခန့်ခွဲမှု အဆင့် – ၃ သို့ ရောက်ရှိလာသည့် အခြေအနေတွင် တာတမံအောက်ဘက်ရှိ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် ပြည်သူများသို့ ဆက်သွယ်အသိပေးသွားမည်ဖြစ်ပြီး အများပြည်သူများ မြင်သာသောနေရာနှင့်ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် အနီရောင် အလံလွှင့်ထူခြင်း၊ အသံချဲ့စက်ဖြင့် လှည့်လည်ကြေငြာခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုအဆင့် – ၃ သို့ ရောက်ရှိ လာသည့်အခြေအနေတွင်

- တာတမံတာဝန်ခံ (ဦးစီးအရာရှိ)မှ တာတမံလုံခြုံမှုစစ်ဆေးသူ (လ/ထ ညွှန်ကြားရေးမှူး) ထံသို့ ဖြစ်ပေါ်မှုအခြေအနေကို သတင်းပို့ခြင်း၊ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ တာတမံအောက်ဘက်ရှိ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးများသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အသိပေးခြင်းနှင့် မြေနိမ့်ဒေသများတွင် နေထိုင်ခြင်းမပြုရန် အမြန်ဆုံးသတိပေးနှိုးဆော်ခြင်း

- တာတမံလုံခြုံမှုစစ်ဆေးသူ (လ/ထညွှန်ကြားရေးမှူး)မှ ဖြစ်ပေါ်မှုအခြေအနေကို ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး (ဆည်/ရေ) ထံသို့ သတင်းပေးပို့ခြင်း၊ သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးထံသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အသိပေးခြင်းနှင့် ရေလွှတ်ရာကုန်းမြင့်ဒေသများသို့ ရှောင်တိမ်းနေထိုင်ရန် အမြန်ဆုံးသတိပေးနိုးဆော်ခြင်း
- ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး(ဆည်/ရေ) မှနေ၍ ညွှန်ကြားရေးမှူးချုပ်(ဆည်/ရေ) နှင့် တိုင်းဒေသကြီး/ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့တို့ထံသို့ ချက်ချင်းတင်ပြ အစီရင်ခံခြင်း
- လက်ထောက်ညွှန်ကြားရေးမှူးအနေဖြင့် တာတမံကြွခိုင်မှုအတွက် အရေးပေါ်ကာကွယ်ဆောင်ရွက်ရမည့်အစီအမံများ (ဥပမာ - သဲအိတ်ဆင့်ခြင်း၊ တမံကိုယ်ထည်၏ အနောက်ဘက်မှ အရေးပေါ်တုတ်တန်းရိုက်၍ မြေဖို့ခြင်း စသည်ဖြင့် ......) ကို အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်ခြင်း၊ ဆောင်ရွက်မည့်အစီအမံများကို အထက်အဆင့်ဆင့်သို့ တင်ပြခြင်း
- တိုင်းဒေသကြီး/ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးမှ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့သို့လည်းကောင်း သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးမှ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့သို့လည်းကောင်း ဆက်လက်တင်ပြ၍ လမ်းညွှန်မှုခံယူဆောင်ရွက်ခြင်း
- ညွှန်ကြားရေးမှူးချုပ် (ဆည်/ရေ) မှနေ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးသို့ ဆက်လက်တင်ပြ၍ လမ်းညွှန်မှုခံယူဆောင်ရွက်ခြင်း
- ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အခြားဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ အရေးပေါ်တုန့်ပြန်ကယ်ဆယ်ရေး လုပ်ငန်းများအတွက် ကြိုတင်ပူးပေါင်းပြင်ဆင်ဆောင်ရွက်ခြင်း

# အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှု အဆင့် - ၃ အစီရင်ခံမှုနှင့် တုံ့ပြန်မှုပုံစံ



## အရေးပေါ်အခြေအနေတွင် ဆက်သွယ်နိုင်သော တာတမံအောက်ဘက်ရှိ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဖုန်းနံပါတ်များ

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | ကျေးရွာအုပ်ချုပ်ရေးမှူးအမည် | ဖုန်းနံပါတ် |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |

### ၇။ နိဂုံး

သို့ဖြစ်ပါ၍ မိုးရာသီအတွင်း ရေကြီးရေလျှံမှုနှင့် ငလျင်လှုပ်ခတ်ခြင်းကဲ့သို့ သဘာဝဘေး အန္တရာယ်များကြောင့် ………… တာကျိုးပေါက်ပျက်စီးမှုမဖြစ်ပေါ်စေရေးအတွက် ဌာနမှ သတ်မှတ် ပြဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီတိကျစွာ အထူးအလေးထား စီမံဆောင်ရွက်သွား မည်ဖြစ်ပါကြောင်းနှင့် အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လာပါက တမံအောက်ရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ဆုံးရှုံးမှုမဖြစ်ပေါ်စေရန်အတွက် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ အစည်းများ ပတ်သက်ဆက်စပ်သည့် ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ ကြိုတင်စီမံခန့်ခွဲဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။